# ရုပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု အဖွင့်ပြိုင်ပွဲအောင်မြင်စွာကျင်းပပြီးစီး

ဒီဇင်ဘာလ ၂ ရက်နံနက်တွင် ထောင်နှင့်ချီသော ပရိသတ်များ၏ သြဘာကြားတွင်၂၀၁၆ခုနှစ် အားကစား ထီလက်မှတ်ဖလား "ရောင်စုံယူနန်-ရုပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" နိုင်ငံတကာဘောလုံး အဖွင့်ပြိုင်ပွဲကို တယ်ဟုန်တိုင်တိုင်းရင်းသား ဂျိမ်းဖော တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ရေး ပြည်နယ်ခွဲ၌ အောင်မြင်စွာကျင်းပခဲ့သည်။ လွန်ခဲ့သည့်(၁၀)ရက်အတွင်း နိုင်ငံ(၅)နိုင်ငံမှ ပရောဖက်ရှင်နယ် ဘောလုံးအသင်း(၈)သင်း၊ ဝါသနာရှင် ဘောလုံးအသင်း(၁၅)သင်းသည် အစိမ်းရောင်ဘောလုံးကွင်းတွင် အားထုတ်ယှဉ်ပြိုင်ပြီး တယ်ဟုန်ပြည်နယ်ခွဲအတွက် လှိုက်လှဲ တက်ကြွသော ဘောလုံးပြိုင်ပွဲကြီး ဆောင်ကြဉ်းပေးခဲ့သည်။ ထို့အတူ ပြိုင်ပွဲကျင်းပရာနေရာဖြစ်သည့် မန်စီမြို့၏ သာယာလှပသောရှုခင်းများ၊ တိုင်းရင်းသားလူနည်းစုအသီးသီးတို့၏ စည်းလုံးတက်ကြွသော စိတ်ဓာတ်များကိုလည်း ပြိုင်ပွဲမှတစ်ဆင့် အရှေ့တောင်အာရှ နိုင်ငံအသီးသီးမှ ဘောလုံးသမားများ၏ စိတ်ထဲသို့ပြန့်ပွားသွားနိုင်ခဲ့သည်။ နောက်ဆုံးသော် လီကျန်းမြို့ဖေးဟူအသင်းသည် ဗိုလ်လုပွဲတွင် နှစ်ဂိုးတစ်ဂိုးဖြင့် ထိုင်းနိုင်ငံဗဟိုလေတပ် ကလပ်အသင်းကိုအနိုင်ရပြီး ယင်းပြိုင်ပွဲ၏ ဖလားကိုလည်း လီကျန်းအသင်းမှ လေးနှစ်ဆက်တိုက် ဆွတ်ခူးရရှိနိုင်ခဲ့သည်။

ယခင်(၃)ကြိမ်တိုင် ပြိုင်ပွဲကျင်းပခြင်းအားဖြင့် လက်ရှိတယ်ဟုန်နိုင်ငံတကာဘောလုံးပြိုင်ပွဲ၏ အရှိန်အဝါသည် ယခင်ထက် များစွာတိုးတက်လာပြီဖြစ်သည်။ ဤအချက်ကို ယခုအကြိမ်ပြိုင်ပွဲမှ ပြည်ပဘောလုံးအသင်းတို့၏ ပါဝင်ယှဉ်ပြိုင်ရန် အင်အားမှတစ်ဆင့် ထင်ဟပ်ပြသနိုင်သည်။ လာအိုနိုင်ငံ ဆာဝမ်နာဂျီ ဘောလုံးအသင်း၊ မြန်မာနိုင်ငံဟံသာဝတီဘောလုံးကလပ်အသင်း၊ ထိုင်းနိုင်ငံမုံထုံပူးပေါင်း ဘောလုံးကလပ်အသင်း၊ ထိုင်းနိုင်ငံဗဟိုလေတပ်ဘောလုံးကလပ်အသင်း၊ ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမိုက်လန်FCအသင်းစသည့် အရှေ့တောင်အာရှမှ အင်အားကြီးအသင်းများသည် ယင်းပြိုင်ပွဲသို့ ဆက်လက်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ဘောလုံးသမားအင်အားသည်"အသေးစားအာရှဖလား"ဟူသော အမည်နှင့်ကိုက်ညီပြီး ပြိုင်ပွဲကလည်း အများကို ပိုမိုဆွဲဆောင်စေနိုင်သည်။

ပရောဖက်ရှင်နယ်အသင်း၏ ယှဉ်ပြိုင်မှုများအပြင် ဒေသခံဘောလုံးအသင်းတို့ကလည်း ပြိုင်ပွဲသို့တက်ကြွစွာ ပါဝင်တက်ရောက်ခဲ့ကြသည်။ ၎င်းအနက် ရင်ကျန်းခရိုင် တောင်သူရုံရှင်း ဘောလုံးအသင်းသည် လက်ရည်လည်းမြောက်၊ နာမည်လည်းကျော်လှသည်။ ၎င်းတို့သည် ကျေးလက်ဒေသအတွင်း အခြေစိုက်နေသဖြင့် ခိုင်မာသော လူထုအခြေခံနှင့်လည်း ပိုင်ဆိုင်ထားသည်။

ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရန် ပြိုင်ပွဲကျင်းပရေးဌာနများသည် ယခုအကြိမ်ပြိုင်ပွဲအတွက် တယ်ဟုန်ပြည်နယ်ခွဲအတွင်း အမြင့်ဆုံးသော နေထိုင်စားသောက်မှု အဆင့်အတန်းဖြင့် ဧည့်ခံခဲ့သည်။ ထို့အတူ ဒေသတွင်းထူးခြားချက်၊ တိုင်းရင်းသား ထူးခြားချက်များကို ထင်ပေါ်အောင်ဆောင်ရွက်ရန် ပင်မဘောလုံးကွင်းသည် နိုင်ငံတကာအဆင့်မီအတပ်အဆင်များဖြင့် တပ်ဆင်ထားသည်။ လုံခြုံရေး၊ ဆေးကုရေး၊ အစားအသောက် သန့်ရှင်းရေးစသည့်ဘက်တွင် များစွာသောကြိုတင် ပြင်ဆင်ရန် လုပ်ငန်း များဆောင်ရွက်ခဲ့သည်။ ထိုင်းနိုင်ငံဗဟို လေတပ်ဘောလုံးအသင်း၏ အမှုဆောင်အရာရှိချုပ် Saranက ထိုသို့လှပသောမန်စီမြို့ကို ပထမဆုံးအကြိမ်ရောက်ရှိခြင်းဖြစ်ကြောင်း၊ ယင်းနေရာတွင် လေကောင်းလေသန့်လည်းရ၊ လမ်းပန်းဆက်သွယ်ရေးလည်း လွယ်ကူချောမွေ့သောကြောင့် ကောင်းမွန်လှသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ယခုအကြိမ်ပြိုင်ပွဲအတွက် ကောင်းမွန်စွာ စည်းရုံးပြီး ပြိုင်ပွဲကျင်းပရေးအတွက်လည်းအလွန်ရင့်ကျက်လာပြီဖြစ်ကြောင်း၊ များပြားလှသည့် နာမည်ကျော် ဘောလုံးအသင်းများသည် ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ကျွန်တော်တို့အနေနှင့် ယခုလိုဧည့်ခံပေးသည့်အတွက် အလွန်ကျေနပ်ပြီး ကျွန်တော်တို့ ဘောလုံးအသင်းတို့ကလည်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ စီစဉ်ပေးသော စားသောက်မှု၊ နေထိုင်မှု၊ သွားလာမှုအားလုံးတို့ကို အလွန်ပင်ကျေနပ်ကြကြောင်း၊ ဘောလုံးအသင်း တို့သည် မန်စီမြို့တွင် အစဉ်နေသားကျပါကြောင်း မိတ်ဆက်လိုက်သည်။

ယခုအကြိမ်ဘောလုံးပြိုင်ပွဲကို ယူနန်ပြည်နယ် အားကစားရေးရာ ဦးစီးဌာန၊ တယ်ဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရ၊ ရွှေလီနိုင်ငံတော် အလေးပေး ဖွံ့ဖြိုးတိုးတက်ရေးစမ်းသပ်ဇုန် စီမံအုပ်ချုပ်ရေးကော်မတီ၊ ယူနန်ပြည်နယ် ဘောလုံးအသင်းတို့မှ ကြီးမှူးကျင်းပပြီး ယူနန်ပြည်နယ် ဘောလုံးရေးရာ စီမံခန့်ခွဲရေးစင်တာ၊တယ်ဟုန်ပြည်နယ်ခွဲ ယဉ်ကျေးမှု၊ အားကစား၊ အသံလွှင့်၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားဦးစီးဌာနတို့မှ လက်ခံကျင်းပခြင်းဖြစ်သည်။

သတင်းထောက် - ရန်ဟုန်ချွမ်း






## ထိုက်ရန်ဟော် – သဘာဝသစ်တောထဲမှ ထွက်ပေါ်လာသောအမျိုးသားဥယျာဉ်

သဘာဝသစ်တောထဲမှ ထွက်ပေါ်လာသောဖူးလ်မြို့ထိုက်ရန်ဟော်အမျိုးသား သစ်တောဥယျာဉ်သည် မူရင်းအခြေအနေ၏ ငါးပုံလေးပုံကို ထိန်းသိမ်းနေဆဲဖြစ်သည်။ သစ်ပင်ထူထပ်သောသစ်တောထဲတွင် လျှောက်လှမ်းပါက လက်တွေ့ကျသော 《Zootopia》 ကာတွန်းကားကို မိမိ၏မျက်စိရှေ့တွင် ပြသထားသကဲ့သို့ပင်ဖြစ်သည်။ ကြံ့၊ မျောက်လွှဲကျော်၊ ရေနေငှက်များကို နေရာတကာတွင် တွေ့မြင်နိုင်သည်။ ရဲ့ဝံ့သောပန်ဒါသည်ပန်းသီးတစ်လုံးကို လုယက်နိုင်ရန် ခရီးသည်များ၏ပေါင်တံကို လက်မလွှတ်အောင် ကျစ်ကျစ်ပိုက်ထားသည်။ ဒိုင်နိုဆောခေတ်နှင့် ခေတ်ပြိုင်ပေါ်ထွန်းလာခဲ့သည့် အရှင်ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်သည့် "China Cyathea"များကိုလည်း နေရာတကာတွင် တွေ့မြင်နိုင်သည်။ ခရီးသည်များသည် စိမ်းညိုညိုသစ်ပင်များကြားတွင် ပန်းမန်များဖူးပွင့်သည်ကို ငြိမ်သက်စွာ စောင့်မျှော်နိုင်သည်။

ဖူးလ်မြို့ထိုက်ရန်ဟော် အမျိုးသားဥယျာဉ်သည် ဖူးလ်မြို့၏ အရှေ့တောင်ဖက်တွင်တည်ရှိသည်။ ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် ယူနန်မဲခေါင်မြစ်အုပ်စုကုမ္ပဏီလီမိတက်သည် ဧရိယာအကျယ်အဝန်း တရုတ်မို ၃.၂ သိန်းကျယ်ဝန်းသော သဘာဝသစ်တော အရင်းအမြစ်အပေါ် ထိရောက်စွာထိန်းသိမ်းခြင်းနှင့် သိပ္ပံနည်းကျ စီမံခန့်ခွဲခြင်းအားဖြင့် ဧရိယာအကျယ်အဝန်း ငါးပုံတစ်ပုံခန့်ကို သာအသုံးပြု၍ ဂေဟခရီးသွားလုပ်ငန်းအဖြစ်ဆောင်ရွက်ခဲ့ပြီး ကျန်ရှိသောသဘာဝသစ်တောအများစု၏ မူရင်းအသွင်နှင့် မျိုးကွဲများကို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်ခဲ့သည်။ ထို့ကြောင့်လွန်ခဲ့သောသန်းပေါင်းရာနှင့်ချီသော ခေတ်ကာလက ဒိုင်နိုဆောခေတ်နှင့် ခေတ်ပြိုင်ပေါက်ရောက်ထားသော "Ancient fern" ဖြစ်သည့် Cyatheaသည် ၎င်း၏ မူရင်းပေါက်ရောက်ရာနေရာတွင် ခိုင်မာစွာ ပေါက်ရောက်နေဆဲဖြစ်သည်။ အများတို့သည် သစ်တောကြားမှ လမ်းကျဉ်းတွင် လျှောက်လှမ်း၍ Cyatheaမှ ခေတ်ကာလကို ဖြတ်ကျော်ခဲ့ပုံကို ထင်ရှား စွာ မြင့်တွေ့ခံစားနိုင်သည်။ တရုတ်မင်မင်းဆက် နာမည်ကျော်ဆေးပညာရှင်လီရှိကျင်းက ရေးသားခဲ့သည့် 《ဘယဆေးပင်အသုံးဝင်ပုံအကျဉ်းချုပ်》 တွင် ထူးဆန်းရှားပါးသော ပန်းမန်မြက်ပင်များသည် နေရောင်ခြည်နှင့် လေထုအောက်တွင် ပေါက်ရောက်နေဆဲဖြစ်ပြီးအနာဂတ်၏ တစ်စုံတစ်ခုသောအခွင့်အရေးတွင် လူတစ်ယောက်ယောက် နှင့် ရေစက်ဆုံနိုင်ရန် စောင့်မျှော်နေဆဲဖြစ်သည်။

သက်ဆိုင်ရာပုဂ္ဂိုလ်၏မိတ်ဆက်ခြင်းအရ ထိုက်ရန်ဟော် အမျိုးသားဥယျာဉ်၏ ဧရိယာအကျယ်အဝန်းစုစုပေါင်းမှာ စတုရန်းကီလိုမီတာ ၂၁၆.၂၃ ရှိပြီးသစ်တောဖုံးလွှမ်းမှုနှုန်း ၉၁.၈% ရှိကြောင်း၊ ဥယျာဉ်အတွင်း သစ်ပင် ၂၀၁၄ မျိုးရှိကြောင်း၊ "တောတောင်၊ သစ်ပင်၊ ရေ၊ တိရစ္ဆာန်"များကို တစ်ပါတည်း စုစည်းထားသော သဘာဝအောက်ဆီဂျင် ဘားကြီးတစ်ခုဖြစ်ကြောင်း၊ ယင်းဥယျာဉ်သည် အိမ်တွင်း၌ ပုန်းအောင်းပြီး မျက်နှာဖုံးတပ်ထားသော အလှမယ်တစ်ဦးပမာ ခြေလှမ်းတစ်လှမ်းနီးကပ်အောင် လျှောက်လှမ်းသွားတိုင်း သင့်ကို ရှုးမူးလောက်အောင် ကြည်နူးပီတိဖြစ်စေနိုင်မှာဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံသတင်း

## နာ့ဖဲ့ကန်၏ဆောင်းတွင်းရှုခင်းသည် ပန်းချီကားသဖွယ်လှပ

ဆောင်းဦးကာလအတွင်း ယူနန်ပြည်နယ် တီချင့်တိဘက် တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲ ရှန်ဂရီလာမြို့၌ တည်ရှိသော နာ့ဖဲ့ကန်သဘာဝ ထိန်းသိမ်းရေးဇုန်သည် ရေမျက်နှာပြင်နှင့် ကောင်းကင်ယံ တစ်သားတည်းဖြစ်နေပြီးပန်းချီကား သဖွယ် လှပနေသည်ကို တွေ့ရသည်။

သတင်းထောက် - ဟူချောင်

